# ဒေါ်စု ၏
# ဖြေမရသော
# ဆက်ထုံးများ






အမတ်ဒိန်

# ဒေါ်စု၏ ဘဝဝန်းကျင်

ဒေါ်အောင်ဆန်းစုကြည်ကို နာမည်အပြည့်အစုံမရေးသားလျှင် ဒေါ်စု၏ တပည့်သားမြေးများက မကြိုက်ကြ မှန်း သိပါသည်။ ဒေါ်စု အကြောင်းကို စတင်ရင်းနှီးခွင့်ရသည့် စာရေးသူက “ စု” ဟု တစ်လုံးတည်း ကင်ပွန်းတပ်ခဲ့ သည်ကို နှစ်သက်သဖြင့် ဒေါ်ထည့်ကာ ဒေါ်စုဟု သုံးစွဲခြင်းဖြစ်ကြောင်း ဦးစွာတင်ပြချင်ပါတယ်။

မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင်တစ်ဦးဖြစ်သူ၏ ဘဝရုပ်ပုံလွှာကို မြန်မာပြည်သူများ သိရှိစေရန် စာပေအမှတ်အသား ရှားပါးလှပါသည်။ ဒေါ်စုအကြောင်းကို ရေးသားခဲ့သည့် ဘိလပ်ပြန်သန်း ဟုအမည်တွင်သော ဒေါ်သန်းအေးကို ကျေးဇူးတင်ရပါမည်။ ဒေါ်သန်းအေးက ၁၉၉၁ ခုနှစ်တွင် စုနှင့် မိတ်ဆက်ခြင်း ဟူသည့်စာတန်း တစ်စောင်ရေးသားခဲ့ပါသည်။ ထိုစာတန်း၏ နိဂုံးတွင် “ အရေးတော်ပုံအောင်ပါစေ” ဟု အဆုံးသတ်သည်ကို ထောက်ရှုခြင်းအားဖြင့် ဒေါ်စု အတ္ထုပ္ပတ္တိကို ဖော်ပြလိုခြင်းနှင့် အတူ ဒေါ်စုကို မြန်မာပြည်သူများ ထောက်ခံအားပေးလိုခြင်း ရည်ရွယ်ချက်ပါပါဝင်ကြောင်း သုံးသပ်နိုင်ပါသည်။

ထိုစာတန်းတွင် ဒေါ်စု၏ ဘဝရုပ်ပုံလွှာကို မြင်သာရုံရှိပါသည်။ ဒေါ်စုအကြောင်း အမွှမ်းတင်ခြင်းဖြစ်၍ လည်း ဒေါ်စုကို သူရဲကောင်းတစ်ဦး အသွင်မြင်လာအောင် စီစဉ်ထားချက်များ ပါဝင်နေပါသည်။ မည်သို့ပင်ဖြစ်စေ ဒေါ်သန်းအေး ရေးသားခဲ့သဖြင့်သာ ဒေါ်စုမိခင်နှင့်အတူ အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နောက်ပိုင်း ဘဝပန်းချီကားကို မှုံဝါးဝါး တွေ့ခွင့်ရခဲ့ပါသည်။

ဗိုလ်ချုပ်လုပ်ကြံခံရခြင်းသည် နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်သကဲ့သို့ ဒေါ်စုတို့မိသားစုတွင် ရွှေတောင်ကြီးပြိုကျသွားခြင်း ဖြစ်ပါသည်။ ၁၉၄၇ မှ ၁၉၆၀ ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန် မထမ်းဆောင်မီ စပ်ကြား ဒေါ်စုတို့မိသားစုဘဝခရီးကို မည်သို့ဆက်ခဲ့ကြကြောင်းမှာလည်း စာတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့သူ ရှားလှပါသည်။

ထိုကာလက ဂျာနယ်များကို ရှာဖွေဖတ်ရှုရာတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင် တောခိုမှုများ၊ နိုင်ငံရေးအကွဲအပြဲများ၊ ဂိုဏ်းဂဏ အကွဲအပြဲများကိုသာ ရေးသားခဲ့ကြသည်ကို တွေ့ရပါသည်။

အိုးဝေဂျာနယ်မှ ဦးစောစံဖိုးသင် ရေးသားသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရသောအခါ မုဆိုးမဘဝဖြင့် ဖတဆိုးသားသမီးများကို ဒေါ်ခင်ကြည်မည်သို့ ပြုစုခဲ့ကြောင်း ရိပ်ကနဲမြင်ခဲ့ရပါသည်။ ထိုအကြောင်းကို “ တာဝါလိန်း အလွမ်း” ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးကာ ဖော်ပြခဲ့ဘူးပါသည်။

ထိုကာလဖြတ်သန်းပုံကို ဒေါ်သန်းအေးရေးသည်အတိုင်း တင်ပြပါဦးမည်။

ဒေါ်ခင်ကြည်သည် သားသမီးများအား ငယ်စဉ်ကပင် သူတို့၏ ဖခင်ပေးခဲ့သော အမွေအနှစ်ကို အမြဲတန်း သတိရနေစေရန် ကြိုးပမ်းခဲ့၏ ။ ဗိုလ်ချုပ်၏ ရဲဘော်ရဲဘက်များနှင့် သူ ထူထောင်ခဲ့သော တပ်မတော်မှ အဖွဲ့ဝင်များက ဗိုလ်ချုပ်မိသားစုအပေါ်ထားရှိသော သံယောဇဉ်မှာ ပျက်ကွက်သွားခြင်းမရှိခဲ့ပါ။ ထို့ကြောင့် စုက တပ်မတော်သားများ လက်ပေါ်ကြီးပြင်းလာခဲ့သည်ဟု ပကတိရှိရင်းအတိုင်း ပြောနိုင်ပါသည်။

ဒေါ်ခင်ကြည့်သည် မိမိ၏ သားသမီးများအား မြန်မာ့လူမှုရေးနှင့် ကိုယ်ကျင့်သီလ၏ တန်ဖိုးကို အလေးထားပြီး ဗုဒ္ဓဘာသာတရားကို

ယုံကြည်ကိုင်းရှိုင်းရန် ဆုံးမခဲ့၏ ။

မိခင် ဒေါ်ခင်ကြည်မှာ ဒေါ်စုကို မြန်မာမာလေးတစ်ဦးအဖြစ် ပုံစံသွင်းခဲ့ကြောင်း ထင်ရှားပါသည်။ သည့် နောက်ပိုင်းတွင် ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးအဖြစ် မြန်မာနိုင်ငံမှ ခွဲခွာသွားရသည့် ကံစီမံမှုက ယနေ့တိုင် ဒေါ်စုကို ထမင်းလုံးတစ္ဆေခြောက်နေခြင်းဖြစ်ပါသည်။

သည်နေရာတွင် ဒေါ်ခင်ကြည်ကို အိန္ဒိယနိုင်ငံ သံအမတ်ကြီးအဖြစ် မြန်မာနိုင်ငံက ထွက်ခွာခွင့်ကို ဒေါ်ခင်ကြည် ကိုယ်တိုင်က တောင်းဆိုခဲ့ကြောင်း၊ ထိုသို့တောင်းဆိုခြင်းမှာ အရွယ်ရလာသော သား၊ သမီးတို့ကို မြန်မာ့နိုင်ငံရေးတွင် ပါဝင်လာမည် စိုးရိမ်သဖြင့် ဝန်ကြီးချုပ် ဦးနု နှင့် ဗိုလ်ချုပ်နေဝင်းတို့ထံ တင်ပြ တောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုစဉ်က လူကြီးများ အနားတွင် ရှိနေသည့် စစ်သားဟောင်းကြီးတစ်ဦးက ပြောပြသည်ကို ကြားခဲ့ဘူးပါသည်။ ထိုစစ်သားကြီးမှာ မော်ကွန်းဝင် ဒုတိယ အဆင့်ရခဲ့ပြီး ဗိုလ်ချုပ်တို့ လုပ်ကြံခံရစဉ် မသေဘဲ ကျန်ခဲ့သည့် ပျော်ဘွယ်ဦးမြ၏ ကိုယ်ရံတော်ဖြစ်ခဲ့သူ ဘကြီး ဦးအောင်ရွှေ ဖြစ်ပါသည်။ ထိုအကြောင်း၏ ဖြစ်နိုင်ခြေမှာ ၁၉၆၂ ခုနှစ်တွင် ဦးနေဝင်းတို့ အာဏာသိမ်းယူပြီး နောက်တွင်လည်း ဒေါ်ခင်ကြည်ကို အိန္ဒိယနိုင်ငံတွင် ဆက်လက် တာဝန် ထမ်းဆောင်စေခြင်းပင် ဖြစ်ပါသည်။

ဒေါ်စု မိခင်ဖြစ်သူနှင့်အတူ နယူးဒေလီသို့ရောက်ပြီး နောက်ပိုင်းဘဝဖြစ်စဉ်များကို ဒေါ်သန်းအေး ရေးသည့် ၎င်း၏ မူအတိုင်း တင်ပြသွားပါမည်။

နယူးဒေလီမြို့သို့ မိခင်နှင့်အတူ ရောက်လာစဉ်က စုသည် ကျစ်ဆံမြီး တုတ်တုတ်ရှည်ရှည်ကြီးများနှင့် ၁၅ နှစ် အရွယ်ကလေးမလေးဖြစ်ပါသည်။ ရေရှုနှင့်မေရီ ကွန်ဘင့်ကျောင်းနှင့် လေဒီရှယ်ရီရမ်ကောလိပ်တို့တွင် ဆက်လက်ပညာ သင်ပါသည်။ သူမ၏ အိန္ဒိယမိတ်ဆွေအသိုင်းအဝိုင်းမှာ ကျယ်ပြန့်လာပါသည်။ စု ဗဟုသုတ ကျယ် ပြန့်စေရန် သူ၏ မိခင်စီစဉ်ပေးသော

ကိစ္စများအနက် ဂျပန်ပန်းအလှပြင်နည်း၊ အနုပညာ သင်ခြင်းနှင့် မြင်းစီးသင်ခြင်းတို့ ပါဝင်ပါသည်။ အိန္ဒိယနိုင်ငံသမ္မတကြီး၏ ကိုယ်ရံတော် တပ်ဖွဲ့လေ့ကျင့်ရာ မြင်းစီးကွင်း၌ အိန္ဒိယအရာရှိများ၏ သားသမီးများ၊ ပန်ဒစ်နေရူး၏ မြေး၊ အင်ဒီရာဂန္ဒီ၏ သားဖြစ်သူ ဆန်ဂျေတို့နှင့် စု တွေ့ဆုံလေ့ရှိပါသည်။

ထိုအချိန်က ဒေလီမြို့ရှိ ဗြိတိသျှ မဟာမင်းကြီးမှာ ဆာပေါလ်ဂိုးဘုသ် နောင်အခါ ပေါလ်ဂိုးဘုသ် ဖြစ်ပါသည်။ ယခင် မြန်မာနိုင်ငံတွင် သံအမတ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်က သူနှင့် သူ၏ ဇနီးပတ်တြီရှာတို့သည် ဒေါ်ခင်ကြည်နှင့် ကောင်းစွာ သိကျွမ်းခဲ့၏ ။ ထိုခင်မင်ရင်းနှီးမှုမှာ အိန္ဒိယ၌ ပြန်လည်ဆန်းသစ်ရှင်သန်လာပါသည်။ သို့နှင့် စု အောက်စဖို့တက္ကသိုလ်သို့ ပညာသင်ရန် သွားသောအခါ ပေါလ်နှင့် ပက်တြီရှာတို့က မိဘကိုယ်စား ကြည့်ရှု စောင့်ရှောက်ရန် တာဝန်ယူခဲ့၏ ။ စုသည် သူတို၏ မိသားစုဝင်တစ်ဦးကဲ့သို့ သူတို့သားနှစ်ယောက်နှင့် သမီးတစ် ယောက်၏ ညီမရင်းချာတစ်ဦး ကဲ့သို့ ဖြစ်လာပါသည်။ ထိုမိသားစုအိမ်တွင် ၎င်းတို့၏ မိတ်ဆွေမျညာ အပြင် ၎င်းတို့ ဖိတ်ကြားဧည့်ခံသော နိုင်ငံရေးသမားများနှင့် အစိုးရ အရာရှိများကို စု သိကျွမ်းခွင့်ရခဲ့ပါသည်။

ဘွဲ့ရပြီးနောက် စု သည် လပိုင်းမျှ စာသင်ပို့ချခြင်းနှင့် သမိုင်းဆရာ ဟယူးတင်ကာနှင့်အတူ သုတေသနလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီးသောအခါ နယူးယောက်ရှိ ကျမနှင့် လာ၍ နေပါသည်။ နယူးရောက်တက္ကသိုလ်၌ စု ဘွဲ့လွန်သင်တန်းတက်ရန် စီစဉ်ပါသည်။ ပါမောက္ခထရေဂါသည် အမေရိကန်ထောက်ပံ့ရေးအစီအစဉ် တစ်ခုဖြင့် မြန်မာပြည်တွင် နှစ်အတန်ကြာနေခဲ့ဖူးပါသည်။ သူသည် စု တိုးတက်မှုကို ဂရုတစ်စိုက် လေ့လာပါသည်။ လောလောဆယ် စု ကုလသမဂ္ဂတွင် အလုပ်ဝင်ပြီး နောက်မှ စာဆက်သင်ရန် စိတ်ကူးပေါ်ပါသည်။ သုံးနှစ်မျှ စု ကုလသမဂ္ဂတွင် အလုပ်လုပ်ပြီး နောက်ဆုံးနှစ်တွင် အုပ်ချုပ်ရေးနှင့် ဘတ်ဂျက်ပြုစုရေးဆိုင်ရာ အကြံပေး ကော်မတီ

ကိုအထောက်အကူ ပြုရသော ကုလသမဂ္ဂ ရုံးအဖွဲ့တွင် တာဝန်
ထမ်းဆောင်ရပါသည်။

ကုလသမဂ္ဂရုံး၌ သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် စု သည် ဆက်လက်အမှုမထမ်းတော့ဘဲ သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်းရှိမည့် အိမ်ထောင်သည်ဘဝကို ရွေးချယ်ရန် ဆုံးဖြတ်လိုက်ပါသည်။ သို့နှင့် ဘဝသစ် တစ်ရပ်စပါတော့သည်။ ဤအချိန်မှစသော ဖြစ်စဉ်များမှာ အများသိပြီး ဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်သည် နှစ်အတော်ကြာကပင် ဟိမဝန္တာနိုင်ငံလေးဖြစ်သော ဘူတန်၌ ဘုရင့်သားသမီးများ၏ စာပြ ဆရာအဖြစ်လည်းကောင်း၊ အစိုးရဘာသာပြန်ဌာန အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင် ခဲ့ပါသည်။ စု လည်းဘူတန်၌ တစ်နှစ်ခန့်နေခဲ့ပါသည်။ ဘူတန်သည် ကုလသမဂ္ဂအတွင်းသို့ မကြာသေးမီက ဝင်ခဲ့သဖြင့် စု သည် ချက်ချင်းပင် ဘူတန်နိုင်ငံခြားရေးရုံး၌ ကုလသမဂ္ဂကိစ္စများဆိုင်ရာ အကြံပေးအရာရှိအဖြစ် အလုပ်ရပါသည်။ စု တို့ ဇနီးမောင်နှံသည် သားဦးအလက်ဇန္ဒားအား မျက်နှာမြင်ရန် အင်္ဂလန်သို့ ပြန်လာပါသည်။ မိုက်ကယ်က လန်ဒန်တက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်း စတင်ပြီး မများမကြာမီ အောက်စဖို့ဒ်၌ ပညာရှင်အလုပ်ခွင်ထဲ ဝင်လိုက်ပါသည်။ ဒုတိယသား ကင်မ်ကို ၁၉၇၇ ခုနှစ်တွင် ဖွားမြင်ပါသည်။ စုလည်း ကလေးများ ပြုစုပျိုးထောင်ခြင်း၊ ရန်ကုန်ရှိ မိခင်ထံ အလည်အပတ်သွားခြင်းတို့ဖြင့် အေးဆေးစွာ နေခဲ့ပါသည်။

၁၉၈၅ ခုနှစ်တွင် ကျိုတို တက္ကသိုလ်က ကမ်းလှမ်းသော ပညာသင်ဆုကို စု လက်ခံလိုက်ပါသည်။ ထိုအချိန်တွင် မိုက်ကယ်သည် အိန္ဒိယပြည်မြောက်ပိုင်း ဆင်းမလားမြို့ရှိ အိန္ဒိယနိုင်ငံ အဆင့်မြင့်စာပေ လေ့လာရေးဌာန၌ သုနေသန ပညာရှင်တစ်ဦးအဖြစ် ရောက်ရှိနေပါသည်။ သားကြီးက အောက်စဖို့ဒ်တွင် ကျောင်းအိပ် ကျောင်းစား အဖြစ်နေခဲ့ပြီး၊ သားငယ်က စု နှင့် ကျိုတိုကို ပါလာပါသည်။ နောင်နှစ်တွေင် ဆင်းမလားရှိ မိုက်ကယ်ထံသို့ စု ၊ သားငယ်နှင့်

အင်္ဂလန်မှ သားကြီး ပါရောက်လာကာ မိသားစုအားလုံးပြန်ဆုံကြပါသည်။ မိုက်ကယ် အလုပ် လုပ်သော ဌာန၌ စု လည်း သုတေသီ ပညာရှင်အဖြစ် ခန့်အပ်ခြင်းခံရပါသည်။ ၁၉၈၇ ခုနှစ်တွင် ကျမ အိန္ဒိယ၌ ရှိသည်ဖြစ်ရာ သုတေသနဌာနရှိ သူတို့တိုက်ခန်း၌ တစ်လခန့် ပျော်ပျော်ပါးပါး သွားလည်နိုင်ခဲ့ပါသည်။

ထိုနှစ်တွင်ပင် ခေါ်ခင်ကြည်သည် မျက်စေ့မှ တိမ်ကို ခွဲစိတ်ကုသရန်အတွက် လန်ဒန်သို့ ရောက်လာပါ သည်။ ခွဲစိပ်မှုများ အောင်အောင်မြင်မြင်ရှိသဖြင့် ဒေါ်ခင်ကြည်အတွက် စိတ်ရွှင်လန်းဖွယ်ရာ အချိန် ဖြစ်ပါသည်။ စု သည် အိမ်ထောင်မပြုမီကလည်းကောင်း၊ အိမ်ထောင်ပြုပြီးသောအခါ၌ လည်းကောင်း မြန်မာပြည်ရှိ မိခင်ထံ မှန်မှန် အလည်အပတ်သွားခဲ့ပါသည်။ ဒေါ်ခင်ကြည်သည် သားမြေးများကြီးပြင်းလာသည်ကို မြင်ခဲ့ရပြီး မျက်စေ့မခွဲမီနှစ်တွင် မိမိ၏ ရန်ကုန်အိမ်၌ ကလေးများ၏ ရှင်ပြုမင်္ဂလာပွဲကို ကိုယ်တိုင်ကြီးကြပ်ကျင်းပခဲ့ပါသည်။

ဒေါ်ခင်ကြည် ရန်ကုန်ပြန်ရောက်၍ ဆယ်လမပြည့်မီ နောက်နှစ် ၁၉၈၈ ခုနှစ် မတ်လကုန်ပိုင်းတွင် ပြင်းထန်သော လေဖြတ်ဒဏ်ကို ခံရပါသည်။ စု၊ မိုက်ကယ်နှင့် သားနှစ်ယောက်သည် အိန္ဒိယမှ အောက်စဖို့ဒ်သို့ ၁၉၈၇ စက်တင်ဘာလအတွင်း ပြန်ရောက်လာခဲ့ကြပြီး တက္ကသိုလ်ပညာရှင်များ လောကတွင် ပြန်လည်နေသားကျစ အချိန်၌ ဒေါ်ခင်ကြည်လေဖြတ်ကြောင်း သတင်းရောက်လာပါသည်။ စုလည်း ချက်ချင်း ပင်ရသည့် လေယာဉ်ဖြင့် မိခင်အား ပြုစုရန် ရန်ကုန်သို့ လိုက်သွားပါသည်။

ဤသည်တို့ကား ဒေါ်သန်းအေး ရေးခဲ့သည့် စုနှင့်မိတ်ဆက်ခြင်းမှ ဒေါ်စု၏ ဘဝပုံရိပ်များဖြစ်ပါသည်။ ဒေါ်စု သည် ကံခေစွာပင် မြန်မာတို့နှင့် ဝေးလွန်းသောအရပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ကင်းကွာသောအရပ်တွင်

နှစ်ပေါင်းများစွာ ဘဝခရီးသည် ဖြစ်ခဲ့သည့်အားလျော်စွာ ကျင်လည်ရသည့် ဝန်းကျင်တွင် ခိုင်မြဲစွာ အမြစ်တွယ်နေသည်မှာ ဆန်းလှသည်တော့ မဟုတ်ပါ။

ထိုအကြောင်းကိုပင် ဒေါ်သန်းအေးက " အိန္ဒိယတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများသည် စု အတွက် အင်မတန် အရေးပါ စိတ်အားထက်သန်ဖွယ်ရာ ဖြစ်ခဲ့ပါသည်။ ယနေ့တိုင် သူမ အိန္ဒိယ နိုင်ငံအပေါ်ထားရှိသော မေတ္တာနှင့် သံယောဇဉ်တို့မှာ ခိုင်မာလျက်ရှိပါသည်" ဟု ထည့်သွင်းရေးသားခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

*

## ဒေါ်စုနှင့် လေ့ကြဲစီးနိုင်ငံရေး

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဒေါ်စုသည် ကမ္ဘည်းစာလုံးကြီးကြီးဖြင့် ရေးထိုးရမည့်နေရာတစ်ခုကို ရထားပြီး ဖြစ်သည်။ သည်မျှမကသေး။ မြန်မာတို့၏ ကံကြမ္မာကို ဖန်တီးနိုင်မည့် နေရာတွင်ရှိကြောင်း ဒေါ်စုကြေညာနေ သည်ည။ ၂၀၁၅ အလွန် မြန်မာနိုင်ငံတွင် သူမတစ်ဦးတည်းသာ သမ္မတရာထူးနှင့် ထိုက်တန်ကြောင်း ဒေါ်စု ပြောခဲ့ပြီ။ ၁၉၈၈ ခုနှစ် ဒေါ်စုကို နေရှင်နယ် ဟီးရိုး အဖြစ်ထင်ပေါ်လာသည့် ဟိုမှာဘက်၌ နိုင်ငံတစ်ခု၏ အာဏာကို စွဲကိုင်နိုင်မည့် စွမ်းအား အရင်းအမြစ်တို့ ဒေါ်စုထံတွင် မည်မျှရှိခဲ့သည်ကို မြန်မာပြည်သားတစ်ဦးအနေဖြင့် လေ့လာသင့်သည်။

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် အော်စလိုမြို့တွင် ကျင်းပသော ၁၉၉၁ ခုနှစ်ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ချီးမြှင့်ပွဲအခမ်းအနား၌ နော်ဝေနိုင်ငံ နိုဘယ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဖရန်စစ်စီဂျာစတက် မိန့်ခွန်းပါ ဒေါ်စုနှင့် ပတ်သက်၍ သုံးသပ်ချက် စကားတစ်ပိုဒ်ကို တင်ပြချင်ပါသည်။

အောင်ဆန်းစုကြည်ကို ၁၉၄၅ ခုနှစ်တွင် မွေးဖွားပါသည်။ သူ့ဖခင် လုပ်ကြံသတ်ဖြတ်ခံရစဉ်က သူမသည် ၂ နှစ် သမီးဖြစ်ပါသည်။ ဖခင်ကို မှတ်မိနိုင်သောအရွယ် မဟုတ်ပါ။ မိခင်ဖြစ်သူမှာ သံတမန်ဖြစ်သဖြင့် အောင်ဆန်းစုကြည်သည် ငယ်စဉ်ကာလက လည်းကောင်း၊ နောက်ပိုင်းကာလများတွင် လည်းကောင်း နိုင်ငံခြား၌ နေထိုင်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် သူမသည် အောက်စဖို့ဒ်တက္ကသိုလ် စိန့်ဟူ့စ်ကောလိပ်မှ နိုင်ငံရေးပညာ၊ ဒဿနိကဗေဒ၊ ဘောဂဗေဒဘာသာရပ်များဖြင့် ဘွဲ့ရခဲ့ပါသည်။ ၁၉၆၉ ခုနှစ်မှစ၍ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် (၂) နှစ်မျှ အလုပ်လုပ်ပါသည်။ ၁၉၇၂

ခုနှစ်တွင် သူမသည် တိဘက်ရေးရာ ဗြိတိသျှပညာရှင်ဖြစ်သူ မိုက်ယ်အဲရစ်နှင့် လက်ထပ်လိုက်ပါသည်။ ဘူတန်နိုင်ငံတွင် ခေတ္တနေထိုင်ပြီးနောက် အောက်စ်ဖို့ဒ်တွင် ၁၉၇၅ ခုနှစ်လောက်၌ ပြန်လည်နေထိုင်ပါသည်။ သူမသည် ကလေးငယ်နှစ်ယောက်ရှိသော အိမ်ရှင်မတာဝန်အပြင် ပညာရေးဘက်တွင်လည်း ဆက်လက်ကြိုးစားပြီး မြန်မာ့သမိုင်းနှင့် စာပေကို အဓိကထားလေ့လာပါသည်။ သူမသည် ဂျပန်ပြည် ကျိုတို တက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံအဆင့်မြင့် သုတေသနဌာနတို့တွင် ဧည့်သည်တော် ပညာရှင်အဖြစ် လေ့လာခဲ့ပါ သည်။ ၁၉၈၈ မြန်မာပြည်ကို ပြန်ရောက်သည့်အခါတွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက လေ့လာရေးဌာနတွင် လေ့လာခြင်းကို ရပ်နားလိုက်ပါသည်။ ဤသို့သော ပြင်ပအဖြစ်အပျက်များက ၁၉၈၈ ခုနှစ် သူမစတင်မည့် အခန်း ကဏ္ဍကို ရည်ညွှန်းခဲ့ခြင်း မရှိပါ။ ဟု ထည့်သွင်းမိန့်ကြားခဲ့လေရာ ဒေါ်စု၏ နိုင်ငံရေးသမိုင်းကို ၁၉၈၈ မှစ၍ လေ့လာရမည့်အခြေအနေ ဖြစ်ပါသည်။

ဒေါ်စုသည် ဆယ်စုနှစ်များစွာ နိုင်ငံခြားတွင် နေထိုင်ခဲ့ချိန်များတွင် မြန်မာ့နိုင်ငံရေးကို စိတ်ဝင်တစားရှိခဲ့သည့် အထောက်အထားမတွေ့ရပါ။ သာမန်မြန်မာ့သမိုင်းကို ဖတ်ခဲ့သူဟု မြင်ရန်ရှိပါသည်။ ၁၉၈၈ ခုနှစ်တွင် မိခင် ဒေါ်ခင်ကြည် လေဖြတ်ရောဂါရသဖြင့် ရရာလေယာဉ်ဖြင့် မြန်မာနိုင်ငံကို ပြန်ခဲ့ကြောင်း ဒေါ်သန်းအေးရေးသားသည့် စုနှင့် မိတ်ဆက်ခြင်းတွင် သိခဲ့ရပါသည်။

ဒေါ်စု မြန်မာနိုင်ငံကို ပြန်ရောက်သည့် ၁၉၈၈ ခုနှစ်တွင် မြန်မာ့နိုင်ငံအခြေအနေမှာ ပတ်တုတ်မရအောင် လူထုဆန့်ကျင် ဆန္ဒပြုမှုများဖြစ်လျက် မဆလအစိုးရ ဩဇာကျဆင်းချိန် ဖြစ်နေခဲ့ပါသည်။ ရှစ်လေးလုံး အရေးအခင်းကြီး ဆီကို ဦးတည်နေသော အုံကြွမှုများ ကြီးထွားလာနေချိန် ဖြစ်နေခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ အကြီးမားဆုံးလူထု အုံကြွမှုကြီးဖြစ်လာသည့်အချိန်တွင် ဒေါ်စုက ကျောင်းသားများ နှင့် အစိုးရကြား ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် ကြားဝင်ဆောင်ရွက်ပေးလို

ကြောင်း ပြောကြားရာမှ ခေါင်းဆောင်ရှာနေသော ကျောင်းသား လူငယ်များက ဒေါ်စုကို အာရုံစိုက်ချဉ်းကပ်ကြတော့သည်။ ဦးထွေးမြင့်နှင့် နိုင်ငံရေးသမားဟောင်းများက ဒေါ်စုကို နိုင်ငံရေးလုပ်ရန် အချိန်ကောင်းဖြစ်ကြောင်း တိုက်တွန်းသကဲ့သို့ သခင်တင်မြနှင့် အပေါင်းပါ နိုင်ငံရေးသမားများကလည်း ဒေါ်စုအိမ်တွေ အချိန်ပြည့်နေကာ အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်းများ ပြုလုပ်လျက် ဒေါ်စု နိုင်ငံရေးလောကသို့ ရောက်ရှိအောင် ဝန်းရံခဲ့ကြသည်။ အထူးအစီစဉ် ချပေးခဲ့သူများမှာ ဦးဝင်းတင်၊ မောင်သော်က နှင့် ဦးမိုးသူတို့ဖြစ်ပြီး ၎င်းတို့က ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ လည်းကောင်း၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက်ဘက်မုဒ်၌ လည်းကောင်း ဒေါ်စု စင်မြင့်ပေါ်တက်ပြီး တရားဟောနိုင်ရန် စီစဉ်ပေးခဲ့ကြသည်။ ထိုအချိန်မှစ ဒေါ်စု နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပါသည်။

အဆိုပါ တရားပွဲများတွင် ဒေါ်စုအား အမြောက်အမြားသော လူထုများတက်ရောက် ဩဘာပေးခဲ့ကြသည်။ ရှစ်လေးလုံး အရှိန်မသေသေးခြင်း၊ ဒေါ်စုမှာ ဗိုလ်ချုပ်အရှိန်ဖြင့် ပင်ကိုယ်ကပင် စိတ်ဝင်တစားမှုခံရသူ ဖြစ်ခြင်းတို့က ဒေါ်စုကို ပရိတ်သက် ဝိုင်းခဲ့ကြသည်။ လူထုမှာ ဒေါ်စုအပေါ် မျှော်လင့်ချက်ကြီးမားစွာ ထားမိကြသည်လည်း ဖြစ်နိုင်ပါသည်။

ဒေါ်စုသည် အခြေခံအားဖြင့် နိုင်ငံရေးဆိုသည်ကို တိတိပပ လုပ်ဖူးခဲ့ခြင်းမရှိသောကြောင့် လူထုအားကို မည်သို့ အသုံးချရမည် မသိသော်လည်း ၎င်းကိုယ်တိုင် National Hero အဖြစ် ခံယူခဲ့ဟန်ရှိပါသည်။ အမှန်တကယ် ဤသို့ဖြစ်လာအောင် မြောင်းသွယ်ရေလောင်းပေးခဲ့သည့် အဖွဲ့အစည်းမှာ ဗကပများ ဖြစ်ကြောင်း ဒေါ်စု နောက်ပိုင်းမှ သိလာပါသည်။

ဒေါ်စုအဖို့ ဤမျှရှုပ်ထွေးသောနိုင်ငံရေးဘဝ၌ ကျင်လည်ရန် ဆုံးဖြတ်မှုတစ်စုံတစ်ရာမရှိခဲ့ပါ။ နိုင်ငံရေး နယ်ပယ်သစ်၌ ဘဝကို မြှုပ်နှံရန်လည်း မစဉ်းစားခဲ့ပါ။ သည်အကြောင်းကို ဒေါ်စုကိုယ်တိုင် ပြောခဲ့ပါသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထုတ် The Time သတင်းစာတွင် ဖော်ပြထားသည့် “ ပြည်သူ့ သူရဲကောင်း အမျိုးသမီး ရည်မှန်းချက်များရှင်းပြခြင်း” ခေါင်းစဉ်ပါ ဒေါ်စုနှင့် ခရင်သာပါ၏ တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြချက်ကို တင်ပြချင်ပါသည် ။

မေး။ အကယ်၍ ဒီအစိုးရ ကျဆင်းသွားရင် သူ့နေရာမှာ ဘယ်သူက ယူမှာလဲ။ ဘယ်လို အကူးအပြောင်း အစီအစဉ်မျိုးတွေ ဖြစ်နိုင်ပါသလဲ။

ဖြေ။ ပြည်သူက ယုံကြည်တဲ့ ကြားဖြတ်အစိုးရက တိုင်းပြည်ကို တည်ငြိမ်အောင် ပြန်လုပ်နိုင်မှာဖြစ်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပဖို့ အခြေအနေတွေက ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

မေး။ ကဲ အနာဂတ်ကို ကြည့်ကြရအောင်။ အင်း တကယ်တော့ အနာဂတ်ဆိုတာ သိပ်ဝေးမယ် မဟုတ်ပါဘူး။ ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာမယ်ဆိုရင် မြန်မာပြည်မှာကလည်း ဘာပါတီမှ ရှိတာ မဟုတ်ပါဘူး။ ဘယ်လို ပါတီမျိုးတွေ ပေါ်ပေါက်လာတာ မြင်ချင်ပါသလဲ။

ဖြေ။ အကောင်းဆုံးကတော့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းဖို့အတွက် ရည်စူးအဓိဋ္ဌာန်ပြုထားတဲ့၊ စွမ်းရည် ရှိပြီး ရိုးသားဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်တွေ ဦးဆောင်တဲ့ ပါတီတွေကို မြင်ချင်ပါတယ်။

မေး။ ခင်ဗျားကရော ပါတီထောင်မှာလား။

ဖြေ။ ရှောင်ရှားလို့ရမယ်ဆိုရင်တော့ မတည်ထောင်ချင်ပါဘူး။

မေး။ နိုင်ငံရေးလောကမှာ ဇောက်ချပြီးလုပ်ဖို့ စိတ်ကူးပါသလား။ လုပ်မယ်ဆိုရင် နိုင်ငံရေးသမားတစ်ဦး အဖြစ်နဲ့ ခင်ဗျားရဲ့ ပင်ကိုယ်အရည်အသွေးနဲ့ ကျွမ်းကျင်မှုကိုရော ဘယ်လိုသုံးသပ်ပါသလဲ။

ဖြေ။ နိုင်ငံရေးမှာ နစ်မွန်းနေရမယ့် ဘဝမျိုးဟာ ကျမအတွက်

မက်ဖွယ်ရာမဟုတ်ပါဘူး။ ယခုလောလော ဆယ်မှာ ကျမအဖေနာမည်ကြောင့် တစ်ကြောင်း။ ကျမလည်း နေရာလုဖို့ စိတ်မဝင်စားတာက တစ်ကြောင်း ကျမဟာ ပေါင်းစည်းညီညွတ်အောင်လုပ်ပေးတဲ့ အင်အား တစ်ခုအနေနဲ့သာ ပါဝင်နေ တာဖြစ်ပါတယ်။

ထိုအင်တာဗျူးကို ဖြေဆိုနေစဥ်အထိ ဒေါ်စုအနေဖြင့် မြန်မာ့နိုင်ငံရေးလောဝမ်းထဲသို့ဝင်ရန် ဆန္ဒမရှိ သေးကြောင်း သိသာနိုင်ပါသည်။ ယခုသော် ဒေါ်စုသည် လောဝမ်းထဲတွင် ထိုင်လိုက်သူပင်မဟုတ် တော့။ တက်မ ကိုင်ရန်ပင် ကြိုးစားလျက်ရှိပါပြီ။ ကျမလည်း နေရာလုဖို့ စိတ်မဝင်စားဟု ဆိုသော ဒေါ်စုသည် သမ္မတနေရာကို လုရန် လုံးပမ်းနေပါပြီ။

သို့ဆိုလျှင် ဒေါ်စုသည် ယခု နိုင်ငံရေးလှေကို စီးရန် မည်သည့်အချိန်မှာ ဆုံးဖြတ်ခဲ့ပါသနည်း။ အချို့က ဗကပများ ဆွဲတင်သဖြင့် လှေပေါ်သို့ ဒေါ်စုရောက်လာသည်ဟု ဆိုပါသည်။ တစ်ချို့က ဒေါ်စုရရှိသော နိုဘယ်လ် ဆုက ဒေါ်စုကို မြန်မာ့နိုင်ငံရေး လှေကြုံကို စီးလိုက်ရန် တွန်းပို့ခဲ့သည်ဟု ဆိုလိုပါသည်။

အကြောင်းကြောင့် အကျိုးဖြစ်ပါသည်။ ထိုဖြစ်စဥ်များ အားလုံးမှာ လက်လှမ်းတစ်မီတွင် ဖြစ်ခဲ့သော အကြောင်းများ အဖြစ် အထင်အရှားရှိနေရာ နောက်အခန်းများတွင် ထိုအကြောင်းအချက်များ ဆက်လက် လေ့လာ နိုင်ကြမည်ဖြစ်ပါသည်။

*

## ဒေါ်စုနှင့် ဗကပ

၁၉၇၅ ခုနှစ်တွင် ပဲခူးရိုးမကို ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဗဟိုဌာနချုပ်ပြိုကွဲသွားသည့်အခါ မြန်မာနိုင်ငံ အရှေ့မြောက်ဒေသရှိ ပန်းဆန်းတွင် ဗကပ ဗဟိုဌာနချုပ်ကို ဖွင့်လှစ်ခဲ့သည်။ ယခင် ဗကပတို့ ပဲခူးရိုးမ တွင်ရှိစဉ် ဖွဲ့စည်းထားသည့် ဗကပယူဂျီလက်ကျန်များ ပန်ဆန်းသို့ သွားရောက်စုဝေးကြသည်။ ဗကပတို့ လက်နက်ကိုင် လမ်းစဉ်အောင်မြင်မှုမရခြင်းအတွက် ယူဂျီလုပ်ငန်းကို စောက်ချလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ တာဝန်ခံမှာ ရဲဘော်ထွန်း ခေါ် ဗိုလ်ကျင်မောင်ဖြစ်သည်။ ၎င်းနှစ်မှာပင် ဗကပ ယူဂျီအဖွဲ့တွင် ဇော်ဝင်း (၂၀၂ စစ်ဒေသနိုင်ငံရေးမှူး)ကို ဦးဆောင်စေကာ သက်ခိုင်နှင့် သံချောင်းတို့ ပါဝင်သော ယူဂျီအလုပ်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

ထိုသို့ တာဝန်ပေးရာတွင် (၁) အကျိုးအကြောင်းရှိရမည်။ (၂) အကန့်အသတ်ရှိရမည်။ (၃) အမြတ်အစွန်း ရှိရမည် ဆိုသည့် အသုံးလုံးလမ်းစဉ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ် အရေးအခင်းကို ယခု ဒီမိုကရေစီခေါင်းဆောင်များဟု သိနားလည်ထားသည့် ဒေါ်စု၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန် စသည်တို့ ဦးဆောင်ခဲ့သယောင် ပြောဆိုနေကြသော်လည်း အမှန်တကယ်ကိုင်တွယ်မောင်းနှင်သွားသည်မှာ ဗကပယူဂျီများဖြစ်ကြောင်း အထောက်အထားများစွာ ကျန်ရစ်နေသည်။ မိုးသီးဇွန်၊ မင်းကိုနိုင်၊ ကိုကိုကြီး စသည့် ကျောင်းသားအုပ်စုကို လိုရာပုံသွင်းသည်မှာလည်း ဗကပယူဂျီများပင်ဖြစ်သည်။

ဗကပယူဂျီများဖြစ်သည့် ကျောင်းဆရာ ဦးသိန်းဌေး၊

ဒေါက်တာဇော်မင်း၊ ဗကပယူဂျီကျောင်းသားများအစုဝင် ညိုထွန်း၊ တင်အေးတို့က ဆန္ဒပြမှုတိုင်းကို နောက်ကွယ်က စီစဉ်ခဲ့သည်။ ကြွေးကြော်သံချပေးခြင်း၊ ခွပ်ဒေါင်းအလံ စီစဉ်ပေးခြင်းမှာ ၎င်းတို့လက်ချက်များဖြစ်သည်။ ၁၄-၈-၈၈ နေ့ ရန်ကုန်ဆေးရုံကြီးဆန္ဒပြပွဲတွင် မိုးသီးဇွန်ကို ဟောပြောခွင့်ပေးရန်၊ စာရွက်စာတန်းများဖြန့်ဝေခိုင်းရန် ဗကပယူဂျီတို့၏ ပွန်းလေးတစ်ကောင်သာ ဖြစ်ခဲ့သည်။ အလားတူ ၂၈-၈-၈၈ နေ့ တက္ကသိုလ်မြက်ခင်းပြင်၌ ဖွဲ့စည်းသော ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂတွင် မင်းကိုနိုင်ကို ဥက္ကဋ္ဌ၊ ကိုကိုကြီးကို ဒုဥက္ကဋ္ဌ၊ မိုးသီးဇွန်ကို အတွင်းရေးမှူးနေရာများ ချထားကာ ဗကပ ယူဂျီအဖွဲ့ဝင်များဖြစ်သည့် ညိုထွန်း၊ တင်အေးနှင့် ဒေါက်တာ ဇော်မင်း၏ ညီ ဇော်ထွန်းတို့က အဖွဲ့ဝင်များအဖြစ် နောက်ကွယ်မှ ချုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ၂၉-၈-၈၈ နေ့ ဗကသ အစည်းအဝေးပြုလုပ်သည့်အခါ ဒေါက်တာ ဇော်မင်း ရေးသားသော “ အထွေထွေသပိတ်ကော်မတီ ဖွဲ့စည်းရေးသည် ငါတို့၏ လက်ငင်းတာဝန်ဖြစ်သည်” ဟူသော စာတန်းကို ဇော်ထွန်းဖတ်ကြားတင်သွင်းပြီး ဗကသကို အတည်ပြုစေခဲ့သည်။

၁၉၈၈ ခုနှစ် မတ်လဆန်းမှာ ပြုလုပ်သော

ဗကပပေါ်လစ်ဗျူရိုအစည်းအဝေးမှာပင် ဗကပ ပေါ်လစ်ဗျူရိုက မဆလ ဆန့်ကျင်ရေး အရေးအခင်းတစ်ခု ဖန်တီးပြီး အရှိန်အဟုန် မြင့်လာက ဒေါ်ခင်ကြည်ကို အမျိုးသား ခေါင်းဆောင်ထားလျက် အစိုးရတစ်ရပ်ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ အစည်းအဝေးတွင် “ မြန်မာနိုင်ငံ၏ အကျပ်အတည်းသည် အမျိုးသားရေး ပြဿနာအဖြစ်သို့ ကူးပြောင်းနေကြောင်း၊ အမျိုးသားရေးကို ရှေ့တန်းတင်၍ မဆလအစိုးရပြုတ်ကျအောင် ပြုလုပ်နိုင်ကြောင်း၊ ၁၉၈၈ ခုနှစ်သည် ၁၃၀၀ ပြည့်နှစ်၏ အနှစ်(၅၀) ပြည့်နှစ်လည်း ဖြစ်ကြောင်း၊ ဤ အထိန်းအမှတ်ကို အခွင့်ကောင်းယူကာ မဆလ ဆန့်ကျင်ရေး အရေးအခင်းတစ်ခုကို ဖန်တီးပြီး အရှိန်အဟုန်မြင့်လာက ဒေါ်ခင်ကြည်ကို

အမျိုးသားခေါင်းဆောင်အဖြစ်ထားပြီး အစိုးရအဖွဲ့ထူထောင်စေမည် ဖြစ်ကြောင်း”
ကို ဆုံးဖြတ်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ဗကပတို့ ချဉ်းကပ်ပုံနှင့် ပတ်သက်ပြီး ၅-၈-၈၈ နေ့တွင် ပြုလုပ်သည့် အထူးသတင်းစာ ရှင်းလင်းပွဲတွင် ထိုစဉ်က အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့် ရှင်းလင်းသည့် အတိုင်း ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

ဗကပ ယူဂျီတာဝန်ခံ သက်ခိုင်နှင့် ဗကပယူဂျီအဖွဲ့ဝင်များသည် ဗကပ အာဏာရရှိရန်အတွက် ဆူပူလှုံ့ဆော်မှုများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်စေရန်အတွက် ပြည်သူလူထုကလေးစားသည့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည်ကို အသုံးချရန် ကြိုးစားခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် ဇွန်လတွင် ဗကပဥက္ကဋ္ဌ ဗသိန်းတင်မှ ဒေါ်ခင်ကြည်ထံပေးစာကို သက်ခိုင်က ယူဆောင်လာခဲ့ပြီး ဒေါ်ခင်ကြည်ထံပေးရန် ကြိုးစားခဲ့ကြောင်း၊ ထိုအချိန်တွင် ဒေါ်ခင်ကြည်သည် ကျန်းမာရေး အခြေအနေ ဆိုးရွားသည့်အတွက်ကြောင့် မပေးနိုင်ခဲ့ကြောင်း၊ ဆူပူ
လှုပ်ရှားမှုအရေးအခင်းအတွင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် ရွှေတိဂုံ အနောက်ဘက်မုဒ် တရားပွဲက စတင်ပြီး လူထုနှင့် စတင်ထိတွေ့ ထင်ရှားလာခဲ့ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို အချို့က National Hero သဖွယ် လက်ခံသည်ဟု ဗကပ ယူဂျီကော်မတီက သုံးသပ်ခဲ့ကြောင်း၊ မြန်မာလူထု၏ သူရဲကောင်း ကိုးကွယ်မှုဝါဒနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လက်တလောထင်ပေါ်ကျော်ကြားလာမှုကို အသုံးချသင့်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးမကောင်းသည့် ဒေါ်ခင်ကြည်အစား ဒေါ်အောင်ဆန်းစုကြည်ကို National Figure အမျိုးသား ခေါင်းဆောင်အဖြစ် တင်မြှောက်နိုင်ရေးလှုပ်ရှားမှုများ ပြုလုပ်ကြရန် ဗကပ ယူဂျီ

ခေါင်းဆောင်အစုဝင်များတဆင့် ညွှန်ကြားခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို လက်ဝဲလူပေါင်းများမှတဆင့် ချဉ်းကပ်သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ဒေါ်ခင်ကြည်ကွယ်လွန်ပြီး ချိန်တွင် ဗကပ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောမှ ဒေါ်အောင်ဆန်းစုကြည်ထံ စာတစ်စောင်ရေးသားခဲ့ကြောင်း၊ ထိုစာကို ဗကပ ယူဂျီ သက်ခိုင်ထံ ပေးပို့ခဲ့ခြင်းဖြစ်ပြီး သက်ခိုင်က သခင်ဇင် ဇနီး ဒေါ်ကြည်ကြည် မိသားစုမှ တစ်ဆင့် ဗကပ ဗိုလ်ချုပ်ဟောင်းကျော်ဇော၏ သမီး ဒေါ်စန်းကျော်ဇောထံ ပေးပို့ခဲ့ကြောင်း၊ ဒေါ်စန်းကျော်ဇောက ဒေါ်အောင်ဆန်းစုကြည်ထံ ပေးရန် ကြိုးစားခဲ့သည်ဟု သိရကြောင်း။

ဗကပယူဂျီအဖွဲ့ဝင်များအနေနှင့် ဒေါ်အောင်ဆန်းစုကြည်ကို အရေးအခင်းကာလကတည်းက National Figure တင်မြှောက်နိုင်ရေး အာရုံစိုက်လှုပ်ရှားခဲ့ကြောင်း၊ တရားဝင် နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ရရှိပြီးနောက် ဗကပယူဂျီအဖွဲ့ဝင်တို့၏ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုနှင့် လက်ဝဲအင်အားစုများ ပါဝင်သော ဒီမိုကရေစီမဟာမိတ် များ အဖွဲ့ချုပ်တို့ဖြင့် ဆက်လက်လှုပ်ရှားလာခဲ့သည်ကို တွေ့ရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသား ခေါင်းဆောင်အဖြစ် တင်မြှောက်ရေးအတွက် လူထုဆန္ဒဖြင့် တင်မြှောက်လာစေရန်နှင့် ပါတီပေါင်းစုံ၏ ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခံရစေရန် ဗကပယူဂျီအဖွဲ့ဝင်များနှင့် ယင်းတို့၏ အဆက်အသွယ်များက ဘက်ပေါင်းစုံ မှ ကြိုးစားခဲ့ကြကြောင်း၊ ယင်းသို့ လှုပ်ရှားမှုများကို လူထုမှ သိမြင်မှု မရှိစေဘဲ လူထုဆန္ဒအဖြစ် မြင်လာစေရန် ဝန်းရံသော နည်းဖြင့် လှုပ်ရှားခဲ့ကြကြောင်း၊ ထိုသို့ ဒေါ်အောင်ဆန်းစုကြည်ကို National Figure အဖြစ် တင်မြှောက်ခြင်း ပြုလုပ်ပြီးနောက် အစိုးရအား အတိုက်အခံပြုလုပ်ခြင်း၊ ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် ဖန်တီးခြင်းများကို ပြုလုပ်ခဲ့ ကြတာတွေ့ ရကြောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေရေး ဥပဒေ ကိစ္စနှင့် ပတ်သက်ပြီး ဗကပယူဂျီခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် အစိုးရအား

အာဏာဖိဆန်ရေးပြုလုပ်ရန် တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ဝိုင်းဝန်းလှုံ့ဆော် ခဲ့ကြကြောင်း၊ ဤသို့ဖြင့် ဗကပယူဂျီအဖွဲ့ဝင်များမှ ယင်းတို့၏ ရည်မှန်းချက်အတွက် ဒေါ်အောင်ဆန်းစုကြည်အား သွယ်ဝိုက်သော နည်းအားဖြင့် အမျိုးသားခေါင်းဆောင်အဖြစ် တင်မြှောက်ခံရအောင် ဝန်းရံလှုံ့ဆော်မှုဖြင့် အာဏာဖိဆန်ရေး လမ်းကြောင်းပေါ်ရောက်အောင် ဖန်တီးခဲ့ကြ ကြောင်း၊ ဤနည်းဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လိုလားချက်ဖြစ်သော အာဏာဖိဆန်ရေး လမ်းကြောင်းပေါ်ကို ဒေါ်အောင်ဆန်းစုကြည်အား အသိမဲ့ (Unwittingly) ပါဝင်လာစေရန် လှုပ်ရှားခဲ့သည်ဟု သိရကြောင်း။

အဆိုပါ သတင်းစာရှင်းလင်းပွဲ၏ အလိုအရ ဒေါ်အောင်ဆန်းဆုကြည်ကို National Figure အဖြစ်နှင့် မြန်မာ့ နိုင်ငံရေးလောက၏ အတိုက်အခံတစ်ဦးဖြစ်လာစေရန် ပုံသွင်းခဲ့သူများမှာ ဗကပများ ဖြစ်ပေသည်။ သို့သော် ဗကပ တို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး National Figure ဖြစ်လာအောင် လူထုနည်းဖြင့် ဝန်းရံ ကြိုးစား ခဲ့ကြသော်လည်း လူတန်းစား လက္ခဏာအရ လူတန်းစားအားလုံးကို ကိုယ်စားပြုသည့်ခေါင်းဆောင် မဖြစ်ခြင်းကြောင့် အတိုင်းအတာတစ်ခုအထိသာ အသုံးချရန်ရည်ရွယ်ခဲ့သည်စု ဆိုပါသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဗကပတို့၏ နည်းပရိယာယ်ကို နားမလည်ရှာသည့်အတွက် ဗကပတို့ ကျုံး သွင်းပြီး ဆရာမွေးခြင်းကို ခံလိုက်ရခြင်းဖြစ်ကြောင်း၊ ၎င်း၏ ပတ်ဝန်းကျင်တွင် ဝန်းရံနေကြသည့် ဗကပဟောင်းများ နှင့် လက်ဝဲအတွေးအခေါ်ရှိသူများကို အလေးမမူ ဂရုမထားခဲ့သည့်အတွက် လမ်းကြောင်းတိမ်းစောင်းသွားခဲ့သည်ဟု သုံးသပ်ခဲ့ကြသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဥက္ကဌ ဦးအောင်ကြီး၊ ဒုဥက္ကဌ ဦးတင်ဦး၊ အထွေထွေ အတွင်း ရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းသည်။ ၁၉၈၈ ခုနှစ် နိုင်ဝင်

ဘာလ ၂၅ ရက်နေ့တွင် ဦးအောင်ကြီးက ဒေါ်အောင်ဆန်းစုကြည်ထံ စာတစ်စောင် ရေးသားခဲ့သည်။ အဆိုပါ စာတွင် ယခုလက်ရှိ အခြေအနေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကွန်မြူနစ်နှင့် ကွန်မြူနစ်လိုလားသူ အုပ်စု ကြီးထွားလာကြောင်း၊အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောက်ခြေတွင် မြေပေါ်မြေအောက် ယူဂျီ၊ ယူအိုများ ပေါ်ပေါက်လာကြောင်းနှင့် လှုပ်ရှားမှုရှိနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယူဂျီ၊ ယူအိုနှင့် ကွန်မြူနစ်ဒီမိုကရေ စီအဖွဲ့ချုပ်အောက်ခြေတွင် မြေပေါ်မြေအောက် ယူဂျီ၊ ယူအိုများ ပေါ်ပေါက်လာကြောင်းနှင့် လှုပ်ရှားမှုရှိနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယူဂျီ၊ ယူအိုနှင့် ကွန်မြူနစ်လှုပ်ရှားမှုကို အကြောင်းပြု၍ အနီးအနား (ရွေးကောက်ပွဲရွေး ချိန်) တွင် ဒေါက်ဖြုတ်၍ ပယ်နိုင်ကြောင်း၊ ထို့ကြောင့် အောင် စု တင် မကွဲရန် လိုကြောင်း၊ အထူးဂရုစိုက်ကြိုးစား ရန်လိုကြောင်း၊ ထို့ကြောင့် အောင် စု တင် အဖွဲ့အတွင်းမှ ကွန်မြူနစ်များ ကွန်မြူနစ်လိုလားသူဟု ယူဆရသူများကို အနားယူရန် မေတ္တာရပ်ခံသင့်ကြောင်း ပါဝင်သည်။

ဦးအောင်ကြီးက အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်များဖြစ်ကြသော ဦးကိုယု၊ ဒေါ်မြင့်မြင့်ခင်၊ ဦးမိုးသူ၊ ဦးဝင်းတင်၊ ဦးတင်ရွှေ၊ ဦးထွန်းတင်၊ ဦးအောင်လွင်၊ ဦးချမ်းအေးတို့ ၈ ဦးကို ကွန်မြူနစ်ဟောင်းများနှင့် ကွန်မြူနစ် လိုလာသူ များဖြစ်သည့် အတွက်အဖွဲ့ချုပ်မှ ဖယ်ရှားပေးစေလိုကြောင်း အသိပေးခဲ့သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၌ ဆွေးနွေးကြပြီး ဒီဇင်ဘာလ ၃ ရက်နေ့တွင် လျှို့ဝှက်ဆန္ဒမဲဖြင့် ဆုံးဖြတ်ကြရာ ဦးအောင်ကြီး၏ အဆိုသည် ထောက်ခံမဲ ၁၃ မဲ၊ ကန့်ကွက်မဲ ၂၈ မဲဖြင့် ရှုံးနိမ့်သွား ပြီး ဦးအောင်ကြီးအဖွဲ့မှ ဦးကြည်မောင်တစ်ဦးသာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် ကျန်ခဲ့ကာ ကျန် ၁၃ ဦးမှာ အမျိုးသာ ဒီမိုကရေစီအဖွဲ့ချုပ်မှ ထွက်ခါသွားကြရသည်။

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အနောက်ယဉ်ကျေးမှုဖြင့်

နေထိုင်လာခဲ့သည့် ဒေါ်စုမှာ မြန်မာပြည်ပြန် ရောက်စဉ်မှာပင် ကွန်မြူနစ်များ ဝိုင်းရံလျက်သာ နေခဲ့ရခြင်းအတွက် အာဏာဖီဆန်ရေးလမ်းကြောင်းပေါ် အလွယ်တကူ ရောက်သွားရသည်ဟု မြင်နိုင်ပါသည်။

ဒေါ်စုစီးခဲ့သော နိုင်ငံရေးလှေကြုံမှာ ဗကပများ၏ လှေဖြစ်ကြောင်း ဒေါ်စု ကိုယ်တိုင်ဝန်ခံခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ထုတ်လွှင့်သည့် ဘီဘီစီအစီအစဉ် ဗြိတိသျှနေ့စဉ် သတင်းစာ အင်ဒီပန်းဒင့်တွင် ဒေါ်အောင်ဆန်းဆုကြည် ကိုယ်တိုင်ရေးသားသော ဆောင်းပါးကို ဖော်ပြရာ၌ “ ကျမ သည် နိုင်ငံရေးသမားအချို့၏ ဩဇာလွှမ်းမိုးမှုအောက်တွင် လှုပ်ရှားနေသည်ဟူသော မှန်းဆပြောဆိုချက်များလည်း ရှိပါသည်။ ကျမအပေါ် အယုံအကြည်မရှိအောင် လုပ်လိုသောသူများနှင့် အမှန်တကယ်ပင်စိုးရိမ်သော ပုဂ္ဂိုလ်များ က ကျမကို ကွန်မြူနစ်တွေ ပတ်လည်ဝိုင်းနေသည့် သဘောမျိုးနှင့် ပြောဆိုနေကြပါသည်။ နိုင်ငံရေးအယူ အဆ အမျိုးမျိုးရှိကြသော ဝါရင့်နိုင်ငံရေးသမားအချို့က ကျမကို လက်တွေ့အကူအညီပေးနေသည်မှာ မှန်ပါသည်” ဟု ရေးသားခဲ့ကြောင်း ပါဝင်ခဲ့ပါသည်။

*